စာရေးသူ၏ အမှာစာ

စာရေးသူသည် (၇) တန်းဖြေပြီးစဉ်က ဖခင်နှင့်ဆွေးနွေးခဲ့သည့်အတိုင်း ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ အောင်မြင်ပြီး ဆရာဝန်ဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။

မီးယပ်နှင့်သားဖွားဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် ထိုဘာသာရပ်ကို အထူးစိတ်ဝင်စားသဖြင့် ဘွဲ့လွန်တက်ရန် စာရေးသူ ဆုံးဖြတ်လိုက်၏။ ထိုစဉ်က ထိုဘာသာရပ်နှင့် သက်ဆိုင်သောဌာနတွင် နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက ဘွဲ့လွန်တက်နိုင်သည့်အချိန်ကာလ ဖြစ်၏။ စာရေးသူ စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ကြိုးစားခဲ့၏။ ဘွဲ့လွန်တက်ရန် လျှောက်လွှာများခေါ်ချိန်တွင် အများနည်းတူ လျှောက်လွှာတင်ခဲ့၏။ သို့သော် ထိုနှစ်အတွက် ခေါ်ယူသည့်စာရင်းတွင် စာရေးသူနာမည် လုံးဝမပါခဲ့ပါ။

နောက်တစ်နှစ်တွင်လည်း စာရေးသူတစ်ဖန် ကြိုးစားပြန်၏။ ထိုနှစ်တွင်လည်း နာမည် မပါခဲ့ပြန်ပါ။ နှစ်ကြိမ်တိုင်တိုင် ကြိုးစားသော်လည်း မရရှိသောကြောင့် ဖျားနာဆောင်တာဝန်ခံ ဆရာဝန်ကြီးကခေါ်ယူ၍ သင်ကြားပေးမည်ဖြစ်ကြောင်း ကြိုးစားလျှင် ဖြစ်နိုင်မည်ဟု အားပေးစကားပြောဆိုသဖြင့် စာရေးသူ ဖျားနာဆောင်တွင် ပြောင်း၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆရာကြီးသည် သင်ကြားပြသသည်သာမက ဖတ်ရှုရန် ဆေးဘက်ဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ်၊ ကိုယ်ပိုင်စာအုပ်များကိုပါ ညွှန်ပြခဲ့သည်။ ထိုနှစ်အတွက် လျှောက်လွှာ လျှောက်ချိန်ရောက်သည့်အခါ ထုံးစံအတိုင်း စာရေးသူ သွားရောက်တင်ခဲ့ပြန်ပါသည်။ ဘာသာပြောင်း၍ တင်ခဲ့သော်လည်း ထိုနှစ်မှာ အရွေးမခံခဲ့ရပြန်ပါ။

ထိုအချိန်၌ စာရေးသူနှင့်အတူ ဆေးတက္ကသိုလ် တစ်နှစ်တည်းအောင်သူများမှာ ဘွဲ့လွန် အသီးသီးရရှိပြီး အထူးကုဆရာဝန်များပင် ဖြစ်နေကြပါသည်။ ဖျားနာဆောင်တာဝန်ခံ ဆရာဝန်ကြီး၏ အားပေးသွန်သင်မှုနှင့် စာရေးသူ နောက်တစ်ခါ စတုတ္ထအကြိမ်မြောက် ဘွဲ့လွန်သင်တန်းတက်နိုင်ရန် လျှောက်ခဲ့ပြန်ပါသည်။

နှစ်စဉ်လျှောက်နေကျအတိုင်း တာဝန်တစ်ခုအနေဖြင့်သာ သွားရောက်လျှောက်လွှာတင်လိုက်ရပါသည်။ လျှောက်ခဲ့သည်မှာ အကြိမ်များလာသဖြင့် စိတ်ဓာတ်များပင် ကျနေချိန် ဖြစ်၏။ လျှောက်လွှာတင်ပြီးပြန်ရန် ကားရပ်ထားသည့်နေရာသို့ စာရေးသူ လျှောက်သွားလိုက်၏။

နောက်ဘက်မှ “ဒေါက်တာ . . . ဒေါက်တာခင်လကျာ် ခဏနေပါဦး” ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်၏။

ဘွဲ့လွန်သင်တန်း တာဝန်ခံဆရာဝန်ကြီးက လူလွှတ်ခေါ်စေလိုက်ကြောင်းသိရ၍ ရုံးခန်းထဲသို့ ပြန်ဝင်သွား၍ ဆရာဝန်ကြီးနှင့် တွေ့ခဲ့ရပါသည်။ ဆရာဝန်ကြီးသည် စာရေးသူအား ထိုင်စေပါသည်။ စကားမပြောသေးဘဲ တစ်ခုခုကို စဉ်းစားနေဟန်တူပါသည်။ ခဏမျှကြာသောအခါမှ “ခင်လကျာ် . . . မင်းနာမည် ပြောင်းနိုင်မလား”ဟု ကောက်ခါငင်ခါ မေးလိုက်ပါသည်။

စာရေးသူမှာ ဆရာကြီးစကားကြောင့် ပထမအံ့ဩသွားရာမှ ဝမ်းနည်းသွားမိပါသည်။ မိဘများပေးထားသည့် နာမည်ကို မည်သည့်နည်းနှင့်မှ ပြောင်းရန် စိတ်ကူးမထားပါ။ ထိုအကြောင်းကို ဆရာကြီးအား ပြောကြားလိုက်၏။

ဆရာကြီးထံမှ စိတ်မကောင်းကြီးစွာဖြင့် “မင်းနာမည်ကြောင့် ခက်နေတယ်။ ‘ခင်လကျာ်’ နာမည်နဲ့ လျှောက်လွှာတင်ခဲ့ရင် ဘယ်တော့မှ တက်ခွင့်မပေးရဘူးဆိုတဲ့ အမိန့်ကို ဆရာရထားတယ်”

“မင်းလျှောက်လွှာတင်တာ ဒီနှစ်ဆိုရင် လေးကြိမ်တိတိရှိသွားပြီ၊ နှစ်စဉ် မင်းဘယ်လောက်ကြိုးစားခဲ့တယ်ဆိုတာ ဆရာနားလည်တယ်။ အမိန့်ကြောင့် ဆရာလည်း ဘာမှ လုပ်မပေးနိုင်ဘူး။ မင်းက ဘာမှမသိဘဲ နှစ်စဉ် အခုလို ဆက်ကြိုးစားနေမယ်၊ တက်ခွင့်မရရင် စိတ်ဆင်းရဲရဦးမယ်။ နှစ်စဉ် မင်းလျှောက်လွှာရောက်လာရင် ဆရာ စိတ်မကောင်းဘူး”

“အကြောင်းမှန်ကို မင်းကို ပြောသင့်မပြောသင့် ဆရာအကြိမ်ကြိမ် စဉ်းစားခဲ့ရတယ်၊ နောက်ဆုံး မင်းကိုဖွင့်ပြောမယ်လို့ စိတ်ဆုံးဖြတ်ပြီး မင်းကို ခေါ်တွေ့ရတာပါပဲ၊ နောက် မင်းဒုက္ခခံပြီး ဘွဲ့လွန်မလျှောက်ပါနဲ့တော့” ဟု စာရေးသူအား ပြောကြားခဲ့၏။

ဆရာကြီးစကားကို စာရေးသူ မယုံနိုင်လောက်အောင် ဖြစ်သွား၏။ မျိုးရိုးဂုဏ်နာမည်တစ်ခုကြောင့် ဘွဲ့လွန်တက်ခွင့် မရခဲ့ရသည့်အကြောင်းကို နားလည်လိုက်ရ၏။ နောက်နှစ်များတွင် ဆရာကြီးပြောကြားခဲ့သည့်အတိုင်း မြန်မာပြည်တွင် ဘွဲ့လွန်တက်ရောက်ရန် မကြိုးစားတော့ပါ။

စာရေးသူ၏ စိတ်ထဲတွင် ဘွဲ့လွန်ဆက်လိုစိတ် အမြဲရှိနေခဲ့၏။ မြန်မာပြည်တွင် တက်ခွင့်မပေးပါက ပြည်ပသို့ သွားရောက်၍ ဘွဲ့လွန်တက်မည်ဟု ဆုံးဖြတ်လိုက်၏။ ၁၉၈၂ ခုနှစ်တွင် ပြည်ပသို့ ထွက်၍ အလုပ်လုပ်ကိုင်ပြီး ကိုယ်ပိုင်စရိတ်ဖြင့် ဗန်ကောက်ရှိ မဟီဒေါတက္ကသိုလ်တွင် တက်ရောက်ခဲ့ပါ သည်။ *(Diploma in Tropical Medicine and Hygiene D.T.M.&H)* ဒီပလိုမာဘွဲ့ကို ၁၉၈၃ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထို့နောက် မဟာသိပ္ပံဘွဲ့တစ်ခုကိုလည်း ကိုယ့်စရိတ်ဖြင့်ရယူရန် စာရေးသူကြိုးစားခဲ့ပြန်ပါသည်။

စာရေးသူသည် ၁၉၈၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အင်ဂျလိတက္ကသိုလ် *(University of California at Los Angeles UCLA)* တွင် လူထုကျန်းမာရေး မဟာသိပ္ပံဘွဲ့ကို သွားရောက်သင်ကြားခဲ့ပါသည်။ စာရေးသူ စာတမ်းများရေးရန် လူထုကျန်းမာရေးကျောင်း*(School of Public Health)* နှင့် တက္ကသိုလ်ဝင်းအတွင်းရှိ သုတေသနစာကြည့်တိုက်*(Research Library)* များတွင် လိုအပ်သည့် စာအုပ်များနှင့် အခြားအထောက်အကူပြု စာရွက်စာတမ်းများကို ရှာဖွေခဲ့ရပါသည်။

တစ်နေ့တွင် အချိန်လည်းရ၍ စာရေးသူသည် ဖခင်ဗိုလ်လကျာ်အကြောင်း စာကြည့်တိုက်တွင် ရှာဖွေကြည့်ခဲ့ပါသည်။ ဗိုလ်လကျာ်၏ ရဲဘော်သုံးကျိပ်ဝင်ဘဝ၊ ‘လကျာ်-ဖရီးမင်းစာချုပ်’ ချုပ်ဆိုခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး ဒုဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဘဝ စသည်များကို အနည်းအကျဉ်း ဖော်ပြထားသည်များကိုသာ တွေ့ခဲ့ရသည်။

စာရေးသူ ကြားဖူးသိဖူးနေသည့် ၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်အကြောင်း၊ ၁၉၃၈ ခုနှစ် အင်္ဂလိပ်များအား ဆန့်ကျင်သောအားဖြင့် အစိုးရအက်ဥပဒေစာအုပ် *(Government Act book)* ကို ကိုယ်တိုင်မီးရှို့၍ ဆန္ဒပြခဲ့သည့်အကြောင်း၊ လွတ်လပ်ရေးရပြီး (၁၃)လ အကြာတွင် အစိုးရနှင့် တပ်မှထုတ်ပယ်ခံခဲ့ရခြင်းအကြောင်း၊ ခေတ်မီသံတဲ စိုက်ပျိုးရေးလုပ်ငန်းကို စခဲ့ခြင်းအကြောင်း၊ ပင်လယ်ငါးလုပ်ငန်းကို မြန်မာပြည်တွင် စတင်လုပ်ခဲ့ရသည့် အကြောင်းများကို ရှာဖွေ၍မတွေ့ ဖြစ်နေပါသည်။

ဤအကြောင်းအရာများအား သိရှိနိုင်ရန် စာရေးသူသည် တက္ကသိုလ် စာကြည့်တိုက်မှတစ်ဆင့် အခြားအမေရိကန်ပြည်တွင်းရှိ တက္ကသိုလ်များမှ ရှာကြည့်ပေးရန် တောင်းဆိုခဲ့ရပါသည်။ သို့သော် နဂိုသိရှိထားသည့် အချက်အလက်များထက် ထူးထူးခြားခြား ပို၍သိနိုင်ခြင်း မရှိခဲ့ပါ။

စာရေးသူ ငယ်စဉ်မှစ၍ ဖခင်ပန်းချီဆွဲကြောင်း၊ ဓာတ်ပုံရိုက် ဝါသနာပါကြောင်းတို့ကို သိထားခဲ့ပါသည်။ အနုပညာကို အားပေးသူတစ်ယောက်ဟုလည်း သိထားပြန်ပါသည်။ အိမ်ကိုလာရောက်ကြသည့် ပန်းချီဆရာအကျော်အမော်များ မကြာခဏ ဖခင်အနုပညာအကျိုးပြုလုပ်ငန်းများ လုပ်ကြောင်းကို ပြောခဲ့ကြသည်။ အိမ်တွင် ဆယ်နှစ်အတူတူနေထိုင်သွားခဲ့သူ ပန်းချီအမ်တင်အေး*(ဦးလေးအေး)*သည်လည်း မကြာခဏ စာရေးသူအား ပြောပြခဲ့ပါသည်။

မြန်မာပြည်သမိုင်းတွင် ဖခင်အကြောင်း ပြည့်ပြည့်စုံစုံကို ရှာမတွေ့ ဖြစ်နေပါတော့သည်။ စာရေးသူ စိတ်ထဲတွင် ဖခင်နှင့်ပတ်သက်သည့် စာတမ်းတစ်စောင် ပြုစုလိုစိတ်များ ပေါ်လာပါတော့သည်။ စိတ်ကူးများပေါ်လာသည်နှင့်အမျှ မေးခွန်းများလည်း ပေါ်လာခဲ့ပါသည်။

“ဘယ်က စရမှာလဲ”

“မြန်မာပြည်နှင့် မိုင်ပေါင်းများစွာဝေးသည့် အမေရိကန်နိုင်ငံမှာ ရောက်နေတာပါလား”

“ဘယ်သူ့ကို မေးရမှာလဲ”

“သုတေသနလုပ်ဖို့ မည်သူက လမ်းညွှန်ပေးမှာလဲ”

မေးခွန်းများ တသီတတန်းကြီး ပေါ်လာပါတော့သည်။ အတွေးတွေလည်း အမျိုးမျိုးပေါ်နေပြန်ပါသည်။

ပထမဆုံး သုတေသနလုပ်ရန် စဉ်းစားလိုက်သည့်အခါတွင် စာရေးသူ နားမလည်သည့် အကြောင်းအရာများ၊ ကိုယ်တိုင်မမီလိုက်သည့် အချိန်ကာလ အပိုင်းအခြားများကို လေ့လာရန်၊ ရှာဖွေရန်များကို တွေးမိပါသည်။ တွေးမိသည်နှင့်အမျှ ဖြစ်နိုင်ပါ့မလားဟူ၍ စိုးရိမ်စိတ်များ တစ်ဖန်ပေါ်လာပြန်ပါတော့သည်။

ထို့အတွက်ကြောင့် သုတေသနလုပ်ရန် အပြန်ပြန်အလှန်လှန်စဉ်းစား ခဲ့ရပါသည်။ ဖခင်၏ဘဝအကြောင်း၊ ဖခင်ဖြတ်ကျော်သွားရသည့် ခေတ်ကာလအကြောင်းများကို စာရေးသူ တိတိကျကျ မည်သည့်နေရာတွင်မှ ရှာမတွေ့ခဲ့ပါ။ စာရေးသူမှာ သမီးကြီးဖြစ်နေသောကြောင့် ဖခင်အကြောင်းကို ရှာဖွေစုဆောင်း ရေးသားသင့်သည်ဟု ထင်မိပါသည်။

နောက်ဆုံးတွင် ကိုယ်တိုင်သုတေသနလုပ်ပြီး ရေးတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ပါသည်။ ဆုံးဖြတ်ချက် ချလိုက်သည်နှင့် စာရေးသူ အစဉ်အမြဲကျင့်သုံးနေသည့်

“I must do, I can do, I will do.”

“ငါလုပ်ရမယ်၊ ငါလုပ်နိုင်တယ်၊ ငါလုပ်မယ်”

ကိုယ်ပိုင်ဆောင်ပုဒ်အတိုင်း သုတေသနလုပ်ရန် စတင်လိုက်သည်။တကယ်တမ်း လက်တွေ့ကျကျလုပ်ရန် စဉ်းစားပြီးသည်နှင့် မေးခွန်းများ ထုတ်ခဲ့ရပါသည်။

“ဘယ်က စရမလဲ”

“ဘာတွေ လုပ်ရမလဲ”

“မည်သူက ညွှန်ကြားသင်ပြမှာလဲ”

“မည်သူ့ကို မေးမြန်းလို့ ရမှာလဲ”

“အနီးအနားမှာ မည်သူမှ ရှိပါလား”

ဒီမေးခွန်းများကြောင့် သုတေသန အစကတည်းမှာပင် ခက်ခဲမည်ဟု စာရေးသူ သဘောပေါက် နားလည်ထားပါသည်။

အစဦးတွင် သင်ကြားပြသမည့်သူ မရှိခဲ့သည့်အတွက်ကြောင့် စာရေးသူအနေနှင့် အသင့်လျော်ဆုံးဟု ထင်သည်များမှ စခဲ့ရပါသည်။ ပထမဦးဆုံး ဖခင်မွေးဖွားသည့် အချိန်မှစ၍ ကွယ်လွန်သွားသည့် အချိန်အပိုင်းအခြားကို အသက်အလိုက် အကွက်စချလိုက်ပါသည်။ အသက်အပိုင်းအခြား အောက်များတွင် ဖခင်လုပ်ဆောင်သွားသည်များကို သိသလောက် စာကြည့်တိုက်များမှ ရရှိထားသည့် အချက်အလက်များကို အသက်ဇယားများအောက်တွင် ဖြည့်လိုက်ရပါသည်။

အသက်အပိုင်းအခြားအနေနှင့် ဖခင်ကျော်ဖြတ်သွားရသည့်ဘဝကို ယေဘုယျအားဖြင့် သိသွားသည့်အချိန်တွင် စာရေးရန် အခန်းများ နောက်ထပ်တစ်ဖန် စဉ်းစားရပြန်ပါသည်။ ဖခင်ကျော်ဖြတ်သွားခဲ့ရသည့် ကလေးဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးဘဝ *(ရဲဘော်သုံးကျိပ်၊ အစိုးရအဖွဲ့ဝင်)* လူမှုရေးနှင့် စီးပွားရေးအကြောင်း၊ ပြည်ပတော်လှန်ရေးလှုပ်ရှားမှုနှင့် နောက်ဆုံးရက်များအထိခွဲခြား၍ သူ့အပိုင်းနှင့်သူရေးသားရန် စာရေးသူ စဉ်းစားမိသွားသည်။

ရေးသားရမည့်အထဲတွင် ဖခင်၏ အိမ်ထောင်ဖက်နှင့်မိသားစုအကြောင်း၊ ဖခင် ဝါသနာပါ၍ အားပေးခဲ့သည့် အနုပညာအကြောင်း၊ ဖခင်၏ဘာသာရေး ယုံကြည်မှုများကိုလည်း ထည့်ရေးသားရန် လိုအပ်သည့်အတွက်ကြောင့် ဤအကြောင်းအရာများအားလည်း သူ့နေရာနှင့်သူ ထည့်ရေးရန် အစီအစဉ်ဇယားကို ချလိုက်ပြန်ပါသည်။

ရေးသားရမည့် အခန်းကဏ္ဍများ ရုပ်လုံးစပေါ်လာသည့်အခါတွင် အခန်းများအောက်တွင် ထည့်ရမည့်အကြောင်းအရာ၊ အဖြစ်အပျက်များကို ပြောဆိုနိုင်မည့်သူများအား ပြန်လည်၍ စဉ်းစားရပါသည်။ စာရေးသူအနေနှင့် အလုပ်တစ်ခုကိုစ၍ လုပ်ကိုင်မည်ဟု ဆုံးဖြတ်ခဲ့လျှင် ပြီးဆုံးအောင်လုပ်တတ်သည့်အကျင့်ကြောင့် မြန်မာပြည်နှင့် ဝေးနေ၍ မေးမြန်းလေ့လာ၍ မရသော်လည်း၊ မှတ်မိသလောက် အကြောင်းအရာ အချက်အလက်များကို စတင်၍ရေးမှတ်ထားလိုက်ပါသည်။

နောက်တစ်ဆင့်အနေနှင့် ကွက်လပ်များတွင် ထပ်ဖြည့်ထည့်နိုင်ရန် မေးခွန်းများ ထုတ်ရပြန်ပါသည်။ မေးခွန်းများရသည့်အခါတွင် ထိုမေးခွန်းများကို ဖြေကြားပေးနိုင်မည့် သူ၏နာမည်အား မေးခွန်းဘေးတွင် ယှဉ်ရေး၍ မှတ်သားထားလိုက်ပါသည်။

သုတေသနစလုပ်ချိန်တွင် စာရေးသူမှာ ကျောင်းစာတစ်ဖက်ရှိနေသည့် အတွက်ကြောင့် သုတေသနအလုပ်ကို သိပ်မလုပ်နိုင်ဘဲ ဖြစ်နေပါသည်။ ဘွဲ့လွန်ရပြီးနောက် ယူနီဆက်တွင် အလုပ်ဝင်လုပ်ခဲ့ပါသည်။ အလုပ်တာဝန်နှင့် တိုင်းပြည်တစ်ပြည်မှ တစ်ပြည်ကူး၍ လုပ်ကိုင်နေရသဖြင့် သုတေသနအလုပ်မှာ ပြတ်တောင်းပြတ်တောင်း ဖြစ်နေခဲ့ပါသည်။ အချိန်ရသည့်အခါတွင် သတိရသည်များကို ချမှတ်ထားခဲ့ပါသည်။

မိခင်မှာ စာဖတ်ဝါသနာပါပြီး သတင်းစာများ၊ ဂျာနယ်မဂ္ဂဇင်း၊ စာအုပ် များကို ဖတ်လေ့ရှိပြီး ကြိုက်နှစ်သက်သည့် အကြောင်းအရာ၊ မှတ်သားဖွယ်ရာ အကြောင်းများကို သိမ်းထားခဲ့ပါသည်။ နေ့စဉ်လည်း မှတ်တမ်းရေးတတ်ပါသည်။ ထို့ပြင် မိခင်မှာ သိမ်းဆည်းထားသော ဓာတ်ပုံများကို လိုအပ်သလို သုံးစွဲရန် ထုတ်ပေးခဲ့ပါသည်။ ဓာတ်ပုံများ၏ နောက်တွင် နေ့စွဲ၊ အကြောင်းအရာနှင့် လူများ၏အမည်များကိုပါ ရေးသားထားသဖြင့် စာရေးသူအတွက် ရွေးချယ်ပြီး သုံးရန်အတွက် အထောက်အကူ များစွာဖြစ်ခဲ့၏။ ထို့အတွက်ကြောင့် ဖခင်၏အကြောင်းများကို အများဆုံးသိသည့် မိခင်အား စာရေးသည့်အခါ စာရေးသူမှာ မိခင်သိသည်များကိုမေး၍ မှတ်သားထားခဲ့ရပါသည်။

စာရေးသူက မေးလိုက်သည့် မေးခွန်းများအား မိခင်ကိုယ်တိုင်သိခဲ့လျှင် စာပြန်ရေးလိုက်ပါသည်။ အချို့မေးခွန်းများနှင့် ပတ်သက်ပြီး မည်သူမည်ဝါ သိနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်လာသည့်အခါ သွားမေးနိုင်ကြောင်း ပြောပြခဲ့ပါသည်။ ဒီနည်းနှင့်ဖခင်အကြောင်း ရေးသားရန် အခန်းခေါင်းစဉ်များအောက်တွင် သူ့အကွက်နှင့်သူ ဖြည့်စွက်လို့ ရလာခဲ့ပါသည်။ အကြောင်းအရာများကို များများမသိသေးသော်လည်း ရေးသားရန် အစရလာသည်နှင့်အမျှ စာရေးသူမှာ ဝမ်းသာအားတက်မိလာပါသည်။

သုတေသနလုပ်ရန် မိခင်အား အသိပေးလိုက်သည့်တွင် မိခင်မှာ တော်တော်ကို ဝမ်းသာသွားခဲ့ပါသည်။ မိခင်၏ပြန်စာထဲတွင် “မေမေ နှစ်ပေါင်းများစွာ သိမ်းဆည်းစုဆောင်းတာတွေ အသုံးဝင်လာပြီ”ဟူ၍ ဝမ်းသာစကား ပြန်ရေးခဲ့ပါသည်။ သုတေသနပြုရန် အသုံးဝင်မည့်အကြောင်းအရာများကို မိခင်ရှာဖွေပေးပြီး သတ်သတ်ဖယ်ပေးထားခဲ့ပါသည်၊ ရန်ကုန်ကို ရောက်သည့်အခါ ဖတ်ရှုပြီး သင့်လျော်သလို အသုံးပြုရန်၊ နောက်ထပ်လည်း ထပ်ရှာပြီး ဖယ်ပေးထားမှာဖြစ်ကြောင်း စာရေးအကြောင်းကြားခဲ့ပါသည်။

စာရေးသူအားပေးရန် ဖယ်ထားသည်များထဲတွင် ဖခင်၏မှတ်စုအချို့ပါကြောင်း သိရပါသည်။ ရန်ကုန်တက္ကသိုလ် သပိတ်ကာလ မတိုင်ခင်မှစ၍ မိဘနှစ်ပါး စသိကျွမ်းခဲ့ပါသည်။ ထို့အတွက်ကြောင့် မိခင်ထံမှဖခင်၏ တက္ကသိုလ်ကျောင်းသားဘဝမှ ဖခင် ကွယ်လွန်သည့် အချိန်အထိ သိနိုင်ပါသည်။

ဖခင်၏ကလေးဘဝမှစ၍ တက္ကသိုလ်ရောက်သည့် ကာလအပိုင်းအခြားကို ရန်ကုန်တွင်ရှိနေသည့် ဖခင်၏ညီမနှစ်ယောက်အား စာရေးသူ ရန်ကုန်ရောက်သည့် အခါ သွားရောက်၍ မေးမြန်းရန် ဆုံးဖြတ်လိုက်ပါသည်။

တကယ်တမ်းဖော်ချပြီး သုတေသနလုပ်သည့်တိုင်အောင် လွယ်ကူလှသည့် အလုပ် မဟုတ်ကြောင်း စာရေးသူသိထားပါသည်။ အလုပ်တာဝန်များကြောင့် မအားလပ်သည်ကတစ်ကြောင်း၊ ရန်ကုန်ကို ပြန်မရောက်နိုင်သည်က တစ်ကြောင်း၊ အခက်အခဲများ ရှိခဲ့ပါသည်။ ၁၉၉၃ ခုနှစ် ရန်ကုန်ရောက်သည့်အခါတွင် မိခင်က ဖခင်နှင့် သက်ဆိုင်သည့် စာအုပ်စာတမ်းများကို ပေးခဲ့ပါသည်။ ရိုရိုသေသေ ကိုင်ရန်လည်း မိခင်က အထူးမှာကြားခဲ့ပါသည်။ စာရေးသူ လေ့လာဖတ်ရှုသည့်အခါတွင် ဖခင်အကြောင်း သိချင်သည့် အကြောင်းများကို ဟိုတစ်စ ဒီတစ်စသာ သိခဲ့ရပါသည်။ သိရှိလာသည့်အကြောင်းများကို စာရေးသူသည် ခေါင်းစဉ်များချထားသည့် အခန်းများ၏ အောက်တွင် ဖြည့်ထည့်ထားလိုက်ပါသည်။

ဖခင်၏အကြောင်း အများဆုံး အစရှာနိုင်မည်က မိခင်၏မှတ်တမ်းများ ဖြစ်ပါသည်။ မှတ်တမ်းစာအုပ်များ စဖတ်ရန် လေ့လာလိုက်သည့်အခါတွင် နှစ်ပေါင်း (၄၀) ကာလအတွင်း မိခင်ရေးသားခဲ့သည့် မှတ်တမ်းများကို ဖတ်ရှုရမည် ဖြစ်ပါသည်။ အချိန်တော်တော်ယူ၍ ဖတ်ရမည် ဖြစ်ပါသည်။ ဖတ်ကို ဖတ်ရမည် ဖြစ်သောကြောင့် စာရေးသူ သည် အစမှစ၍ တစ်နှစ်ချင်းဖတ်လိုက်ရပါသည်။

ဖခင်အကြောင်း၊ ဖခင်ကျော်ဖြတ်သွားခဲ့သည့် ခေတ်ကာလအကြောင်းများကို မိခင်၏ မှတ်တမ်းများအား ဖတ်နေစဉ် စာရေးသူမှာ မှတ်စုများထုတ်၍ ရေးခဲ့ရပါသည်။ မိခင်၏နှစ်ပေါင်း (၄၀) မှတ်တမ်းများကို ဖတ်ပြီးနောက် စာရေးသူကိုယ်တိုင် မှတ်ထားသော မှတ်စုများအား ပြန်ဖတ်၍ သူ့အကြောင်းအရာနှင့်သူ ပြန်ရှာပြီး ရွေးထုတ်ခဲ့ရပါသည်။ ဤကဲ့သို့ အကြောင်းအရာများကို သိသည့်အခါတွင် ခေါင်းစဉ်ချထားသည့် အခန်းများအောက်တွင် တစ်ဖန်ဖြည့်ရေးထားလိုက်ပါသည်။

ဤကဲ့သို့ အချက်အလက်များ ရရှိသည့်အခါတွင် ဖခင်မွေးဖွားသည့် အချိန်မှစ၍ ကွယ်လွန်သွားသည့် ကာလအပိုင်းအခြားအထိ အချက်အလက်များကို ဇယားစာတိုင်*(spread sheet)*တို့တွင် ဖြည့်သွင်းခဲ့ပါသည်။ သို့မှသာလျှင် အကြောင်းအရာ အချက်အလက်များကို သူ့အကွက်နှင့်သူ အလွယ်တကူ တွေ့ရှိနိုင်မှာ ဖြစ်သည်။

တကယ်တမ်းမှာတော့ ဖခင်၏အကြောင်းများကို အသက်အပိုင်းအခြားနှင့် ဇယားလုပ်ခဲ့သော်လည်း ထိုအကြောင်းအရာများမှာ ပြတ်ပြတ်သားသား အပိုင်းအခြားများဟု မဆိုနိုင်ပါ။ ယေဘုယျအားဖြင့်သာ ဇယားချ၍ရခဲ့ခြင်းသာ ဖြစ်ပါသည်။ ထိုဇယားကွက်အားကြည့်၍ အသက်အပိုင်းအခြားကာလအတွင်း ဖခင်၏ဘဝအကြောင်း လုပ်ဆောင်သွားခဲ့သည်များကို တစ်ဖန်ပြန်ရှာခဲ့ရပြန်ပါသည်။

ဇယားကွက်များအား လိုက်ဖြည့်သည့်အခါ စာရေးသူငယ်ငယ်က ကစားခဲ့သည့် jigzaw puzzle (ရုပ်ပုံတစ်ခု၏ အပိုင်းအစများကို အံဝင်ခွင်ကျ ဖြစ်အောင် တစ်ခုနှင့်တစ်ခုစပ်၍ကစားသော ဉာဏ်စမ်းရုပ်ဆက်ကစားနည်း)ကို သတိရမိသွားသည်။ ယခုအခါတွင်လည်း ဇယားကွက်ကြီးမှာ တဖြည်းဖြည်းပြည့်ပြီးပုံပေါ်ခဲ့ရပါသည်။

အချက်အလက်များကို ချထားသည့် ဇယားကြီးကို ရလာသည့်အခါတွင် ဖခင်၏ဘဝတွင် ဖြတ်သန်းသွားခဲ့ရသည်များကို တစ်ခုချင်း အချက်အလက်များကို ဖြည့်ရန် ပြန်လည်စဉ်းစားရပြန်ပါသည်။ စာရေးသူ လက်ဝယ်တွင် ရှိသည့် မိခင်၏ မှတ်တမ်းများ၊ မိခင်စုဆောင်း ပေးထားသည့် စာအုပ်စာတမ်း မှတ်စုများအပြင် ဖခင်၏မှတ်စုများ၊ ဖခင်ရေးသွားခဲ့သည့် စာမူကြမ်း စာရွက်စာတမ်းများ၊ ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်တွင်းက အတူလက်တွဲလုပ်ကိုင်ခဲ့သည့် ကျောင်းသူ ကျောင်းသားများ အမှတ်တရ ရေးပေးသွားကြသည့် မှတ်စုလေးတွေကို ကိုးကားပြီး ထပ်မံဖြည့်စွက် ရေးရပြန်ပါသည်။

စာရေးသူ၏ ဇယားကွက်ဖြည့်နိုင်ရန် မိသားစုတစ်ဦးချင်းအား လည်းကောင်း၊ ဖခင်၏ညီမများအား လည်းကောင်း၊ အိမ်တွင် ဆယ်နှစ်အတူနေခဲ့သည့် ပန်းချီဆရာ ဦးအမ်တင်အေး*(ဦးလေးအေး)* ဖခင်၏အတွင်းရေးမှူး ဟီလ်ဒါ၊ ဖခင်နှင့် ကျောင်းသားဘဝမှစ၍ သိကျွမ်းခဲ့သည့် သခင်ထိန်ဝင်းနှင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဖခင်နှင့် ကျောင်းသားဘဝ နိုင်ငံရေးခေတ်တို့တွင် သိကျွမ်းရင်းနှီးခဲ့သည့် စာရေးဆရာမောင်ထင်၊ ဖခင်နှင့် စစ်တပ်ထဲတွင် တွဲဖက်၍ လုပ်ကိုင်ခဲ့သူ စောကြာဒိုး၊ ဖခင်၏ငယ်သူငယ်ချင်း ဒေါ်နုနု*(သူငယ်ချင်း ဦးချစ်၏ဇနီး)* မုတ္တမပင်လယ် ငါးကုမ္ပဏီ လုပ်ခဲ့စဉ်က ကားမောင်းသူ မောင်လှခင်*(အများကပြည်ပြေးဟုသိကြသော ထိုင်းရောက်)* ဖခင်တော်လှန်ရေး လုပ်စဉ်က ထမင်းချက် မောင်အောင်စိန်တို့ထံမှ အဓိက အချက်အလက်များကို ရရှိခဲ့ပါသည်။

အချက်အလက်များကို စုဆောင်းရာတွင် မေးခွန်းများကို ထုတ်ပြီး မေးခဲ့ရခြင်း ဖြစ်ပါသည်။ စာရေးသူ မေးမြန်းသည့် အချိန်မှာ ဖခင်ကွယ်လွန် သွားပြီးသည့်နောက် နှစ်အတန်ကြာပြီး ပြည်ပသို့ရောက်နေချိန် ဖြစ်ပါသည်။ အချိန်ကာလများ ကြာမြင့်သွားသည့်အတွက် မေးခွန်းများ အားလုံးကို ချက်ချင်းအဖြေမပေးနိုင်သည်ကို စာရေးသူ ကြုံတွေ့ခဲ့ရပါသည်။ တဖြည်းဖြည်းစဉ်းစားပြီးမှ ပြောနိုင်မည်ဖြစ်ကြောင်း နောက်တစ်ခါ လာခဲ့ဦးဟု ပြောတတ်ကြပါသည်။

စာရေးသူအနေနှင့် သိချင်သည့် အချက်အလက်များကို ရရှိနိုင်ရန် စိတ်ရှည်ရှည်ထား၍ အကြိမ်ကြိမ်အခါခါ သွားရောက်မေးမြန်းခဲ့ရပါသည်။ အချို့မှာ စကားပတ်ကုံး ပြောပြသည့်အပြင် သူတို့တွင်ရှိသည့် သက်သေ အထောက်အထားများအားလည်း ပေးခဲ့ပါသေးသည်။ စာရေးသူ အသုံးပြုနိုင်ရန်အတွက် ၎င်းတို့တွင် ရှိသည့် အမှတ်တရ များကို ပေးခဲ့ပါသည်။

အထက်တွင် ဖော်ပြသူများအပြင် ဖခင်၏လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုးသားချင်း၊ တပည့်များအားလည်း စာရေးသူ သွားရောက်မေးမြန်းခဲ့ပါသည်။ ထိုသူများသည် လိုအပ်နေသည့် အချက်အလက်များအား ပြောကြားခဲ့သော်လည်း ၎င်းတို့၏နာမည်များအား ဖော်မပြရန် တောင်းဆိုခဲ့ခြင်းကြောင့် ထည့်သွင်းဖော်ပြခြင်း မပြုတော့ပါ။

ဖခင်၏အကြောင်း ရေးသားပြုစုရာတွင် အခက်ဆုံးအခန်းကဏ္ဍသည် “နိုင်ငံရေးကာလ”ပင် ဖြစ်၏။ စာရေးသူ မမီခဲ့ရသည့်ကာလ၊ မရင်းနှီးသည့် အကြောင်းအရာများ ဖြစ်နေပါသည်။

“ဘယ်လို စရမှာလဲ”

“ဘယ်လိုမျိုး ရေးရမှာလဲ”

တော်တော်ကို အချိန်ယူ စဉ်းစားခဲ့ရသည်။ ဤအခန်းကဏ္ဍသည် ဖခင်ဖြတ်သန်းသွားခဲ့ရသည့် သမိုင်းကြောင်းတစ်ခု ဖြစ်နေသည့်အတွက်ကြောင့် ထည့်ရေးကို ရေးရမည် ဖြစ်နေပါသည်။

စာရေးသူ ရေးရမည့် “နိုင်ငံရေးကာလ”သည် အခက်ဆုံးဖြစ်သည့် အတွက်ကြောင့် ကိုယ်တိုင်နားလည် သဘောပေါက်ရန် လိုနေပါသည်။ ထို့အတွက်ကြောင့် ပထမရေးဆွဲထားသည့် ပထမဇယားအပြင် “နိုင်ငံရေးကာလ” အတွက် နောက်ဇယားတစ်ခုကို ထပ်ဆွဲရပြန်ပါသည်။ ထပ်ဆွဲသည့် ဇယား တွင် နှစ်အပိုင်းအခြားအရ ဇယားချလိုက်ပါသည်။ နောက်တစ်ဆင့်အနေနှင့် တစ်နှစ်တွင်းရှိ (၁၂)လကို ပြန်ပိုင်းခြားပြီး တစ်လချင်းစီ ဇယားပြန်ချပြီးခါမှ လများအတိုင်း ဇယားထဲတွင် ဖြည့်ယူခဲ့ရပါသည်။

စာရေးသူအနေနှင့် “နိုင်ငံရေးကာလ” ကို စရေးခဲ့ရသည်ကို ကောင်းကောင်း မှတ်မိနေပါသည်။ ဇယားကွက်များကို အပြန်ပြန်အလှန်လှန် ချယူခဲ့ရသည်မှာ ခြောက်လ ကျော်ကျော် အချိန်ပေးခဲ့ရပါသည်။ အားလုံးပြီးသွားသည့်အခါတွင် အထောက်အထား များကို စာအုပ်များ၊ စာရွက်စာတမ်းများ၊ မှတ်စုများနှင့် တိုက်ယူခဲ့ရပါသည်။

စာရေးသူ ကိုယ်တိုင်သိရှိလာရသည့် အချက်အလက်များကို ထုတ်ဝေဖြန့်ချိပြီး သည့် စာအုပ်စာတမ်း၊ ဂျာနယ်မဂ္ဂဇင်း၊ မှတ်တမ်းများတွင် ဖော်မပြထားသည့်အတွက် ကြောင့် ကွက်လပ်လွတ်များအား တွေ့ရှိရပါသည်။ စာရေးသူမှာ လူအများမသိကြသည့် ကွက်လပ်များအား ဖြည့်နိုင်ခဲ့ပါသည်။ လွတ်နေသည့် ကွက်လပ်များအားလုံးကို ဖြည့်စွက် လိုက်သည့်အခါမှာမှ သမိုင်းကြောင်းသည် ပြည့်စုံသွားသည်ကို တွေ့ရှိခဲ့ရပါသည်။

ဤစာအုပ်ကို စ၍ရေးရန် စဉ်းစားခဲ့ပြီး အချက်အလက်များအား ရှာဖွေသုတေသန ပြုနေသည်မှာ အချိန်တော်တော် ကြာသွားခဲ့ပါသည်။ သုတေသနပြုပြီးသော်လည်း စာပေကို လုံးဝမရေးတတ်သူက ကိုယ်တိုင်ရေးရသည့်အတွက် ထပ်မံ၍ကြန့်ကြာသွားခဲ့ပါသည်။

မူကြမ်းတစ်ပိုင်းစီကို ကြိုးစားရေးကြည့်ပြီးနောက် ညီမလေး‘ယု’အား စာမူကြမ်းများကို တည်းဖြတ်နိုင်းရပြန်ပါသည်။ ညီမအနေဖြင့်လည်း အတွေ့အကြုံမရှိသဖြင့် သူ့ဘက်မှလည်း အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရပြန်ပါသည်။ ညီအစ်မနှစ်ယောက် ခေါင်းကိုက်အောင် ခေါင်းချင်းရိုက်ခဲ့ရပါသည်။

အခက်အခဲ မြောက်မြားစွာကို ကျော်လွှားပြီးနောက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် စာမူကြမ်းကို ဆရာကြီးဦးအောင်သင်းလက်သို့ ပေးအပ်နိုင်ခဲ့ပါသည်။ ဆရာကြီးက ရေးသားထားသည်မှာ သမိုင်းကြောင်းဖြစ်နေသည့်အတွက် အချိန်ယူဖတ်ရမည် ဖြစ်ကြောင်း စာရေးသူအား ပြောခဲ့ပါသည်။

ဆရာကြီးအနေဖြင့် ထိုခေတ်ကာလမှ အကြောင်းအရာများကို ပြန်ဖတ်ပြီးမှ စာရေးသူ ရေးသားထားသည်များကို စိစစ်နိုင်မှာဖြစ်ကြောင်း၊ စာရေးသူအားလည်း ရေးသားထားသည်မှာ တိကျရန်လိုကြောင်းနှင့် စာမူကြမ်းအပြင် အချောကွန်မျူတာ စာစီပြီးချိန်တွင်လည်း စာမူများကို အထောက်အထားများနှင့် အကြိမ်ကြိမ် ပြန်လည် စိစစ်တည်းဖြတ်ရန် မှာကြားလိုက်ပါသည်။

ဆရာကြီးသည် စာရေးသူမှာ ဖခင်၏အကြောင်းကို ရေးသားရသည့် အတွက် အထူးသတိထားရမည် ဖြစ်ကြောင်း၊ လူတစ်ဦး၏ အတ္ထုပ္ပတ္တိကို ရေးသားခြင်း ဖြစ်သည့် အတွက် ဘက်လိုက်ခြင်း *(bias)* မရှိစေရန် ဖြစ်သည်၊ သမိုင်းကြောင်းဖြစ်၍ အရှိကို အရှိအတိုင်း တင်ပြရမှာ ဖြစ်သည်။ မိမိ၏ ထင်မြင်ချက်များ *(comment)* မပါမိစေရန် အထူး ဂရုပြုရန်လိုကြောင်းကို ထပ်တလဲလဲ မှာကြားခဲ့ပါသည်။

စာရေးသူသည် ဆရာကြီး ညွှန်ကြားလိုက်သည့်အတိုင်း စာမူကြမ်းအား တစ်ခန်း ချင်း ပြန်ဖတ်၍ စိစစ်ခဲ့ပါသည်။ လက်ဝယ်တွင်ရှိသည့် အချက်အလက် အထောက် အထားများကို အပြန်ပြန်အလှန်လှန် အကြိမ်ကြိမ် ဖတ်ခဲ့ရပြန်ပါသည်။ စာရေးသူဘက်မှ သေချာပြီး ပြည့်စုံသည်ဟု ထင်မှတ်သည့်အချိန်တွင် ဆရာကြီးထံ ပြင်ဆင်ရေးသား ထားသည့် စာမူများနှင့် တစ်ဖန်သွားခဲ့ပါသည်။

သုတေသနလုပ်ပြီး (၂၂) နှစ်ကြာသွားသည့် ၂၀၁၀ ပြည့်နှစ်မှသာ ဆရာကြီးထံ ပြင်ဆင်ရေးသားထားသည့် စာမူကြမ်း ရောက်နိုင်ခဲ့ပါသည်။ ဆရာကြီးနှင့် တွေ့ဆုံပြီး အခန်းတစ်ခုချင်းကို ဆရာကြီးညွှန်ကြားသည့်အတိုင်း ပြင်ဆင်ရေးသားခဲ့ရပါသည်။

သမိုင်းအကြောင်း ရေးသားနေသည့်အတွက်ကြောင့် ရေးသားထားသည်များ မရှင်းမလင်းဖြစ်နေပါက ဆရာကြီးက ပြန်မေးပြီး စာရေးသူအား ရှင်းအောင်ရေးခိုင်းခဲ့ပါ သည်။ အရေးအသား မချောသည့်နေရာများတွင်လည်း ဆရာကြီးက မည်ကဲ့သို့ ရေးသားသင့်ကြောင်း လမ်းညွှန်ပြောပြပေးခဲ့ပါသည်။ ဆရာကြီးနှင့်အနီးကပ် ကျူတိုရီ ရယ် *(tutorial)* တက်ရသကဲ့သို့ ဖြစ်နေပါသည်။

ဆရာကြီးနှင့် အခန်းများအားလုံးကို စိစစ်တည်းဖြတ်သွားပြီးနောက် ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စာရေးသူကိုယ်တိုင် နောက်ဆုံးပြန်လည် စိစစ်တည်းဖြတ်သည့် အဆင့်ကို ရောက်ခဲ့ရပါသည်။

ဤစာအုပ်ကို ရေးသားပြုစုနေသည့် (၂၃) နှစ်ကာလအတွင်းတွင် ဖခင်နှင့် ပတ်သက်သည့် စိတ်နေစိတ်ထား၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ထားခဲ့သည့် စေတနာ မည်ရွေ့မည်မျှ ဖခင်ကြိုးစားခဲ့ရကြောင်းများကို သိခွင့်ရခဲ့ပါသည်။ ဖခင်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ လုပ်ဆောင်ချက်များကို အသေးစိတ်သိလာပြီး တန်ဖိုးထား သဘောပေါက်ချိန်တွင် ဖခင်သည် ကွယ်လွန်သွားခဲ့ပါပြီ။ သို့သော် စာရေးသူနည်းတူ လူအများအားလည်း ဖခင်၏အကြောင်းကို သိရှိလာစေပြီး ခွဲဝေ ခံစားနိုင်ရန် ဤစာအုပ်ကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ရေးသားပြုစုသည့်အစမှ ပြီးဆုံးသွားသည် အထိ အထောက်အကူပြု စာအုပ်စာရွက်စာတမ်း မှတ်တမ်းများ၊ အကြောင်းအရာ အချက်အလက်များအား ပြောကြားပေးသွားကြသော မိခင်မှအစ ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ တပည့်သားချင်းများ အတော်များများ ကွယ်လွန်သွားကြ သည်ဖြစ်၍ ဤစာအုပ်ကို မတွေ့မြင်မဖတ်ရှုသွားကြသည်ကို စာရေးသူ ရင်မှာ များစွာ ဝမ်းနည်းမိခဲ့ရပါသည်။

ဖခင်သာ သက်ရှိထင်ရှားရှိမည်ဆိုလျှင် ၎င်းနှင့်ပတ်သက်သည့် စာအုပ်တစ်အုပ် ကို သမီးကြီးဖြစ်သူက ယခုကဲ့သို့ ဖြစ်မြောက်အောင် ကြိုးစားရေးသားနိုင်သည့်အတွက် အံ့ဩကျေနပ် ပီတိဖြစ်မည်မှာ မလွဲမသွေဖြစ်သည်ဟု စာရေးသူ ယုံကြည်မိပါသည်။

ထို့ပြင် ကျွန်မကဲ့သို့ပင် ဖခင်သည် ၎င်းနှင့်ပတ်သက်သည့် စာရွက်စာတမ်း၊ မှတ်စုအတိုအထွာ စာရွက်ပါမကျန် သိမ်းဆည်းထားပေးသွားခဲ့သော ဇနီးသည်နှင့် ဤစာအုပ်ဖြစ်မြောက်ရေးတွင် အနီးကပ်ပါဝင်ဖြည့်ဆည်းကူညီသော သမီးငယ်‘ယုလကျာ်’ အားလည်းကောင်း၊ အထူးသဖြင့် ဖခင် မမြင်ဖူး၊ မသိခဲ့ဖူးသော ဆရာကြီးဦးအောင်သင်း အားလည်းကောင်း သမီးကြီးအား ကူညီလမ်းညွှန်ပေးခဲ့သည့်အတွက် တမလွန်ဘဝမှ ကျေးဇူးတင်နေမည်မှာ အမှန်ပါ။

စာရေးသူအနေဖြင့် ဆရာကြီးဦးအောင်သင်း၊ မိခင်နှင့် ညီမ ‘ယုလကျာ်’တို့အား အလွန်ပင် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။

ခင်လကျာ်
၃၀-၉-၂၀၁၁

မာတိကာ

* ဆရာအောင်သင်း အမှာစာ ၇
* စာရေးသူ၏ အမှာစာ ၁၁

အခန်း ၁
ငယ်စဉ်ဘဝ

၁။ ငယ်စဉ်ကလေးဘဝ ၂၃
၂။ ကျောင်းနေစဉ်ဘဝ ၃၅
၃။ မြို့မအမျိုးသားအထက်တန်းကျောင်း ၄၄

အခန်း ၂
တက္ကသိုလ်ကျောင်းသားဘဝနှင့် နိုင်ငံရေးအစ

၄။ ရန်ကုန်တက္ကသိုလ် ရောက်ခဲ့စဉ် ၅၇
၅။ တက္ကသိုလ်သမဂ္ဂထဲသို့ ဝင်ရောက်ခြင်း ၆၃
၆။ အင်္ဂလိပ်ကို ဆန္ဒပြကန့်ကွက်ခြင်း ၉၆
၇။ ကာလကတ္တားသို့ တစ်ခေါက် ၁၀၅
၈။ သခင်များ၏အစ ၁၁၁
၉။ သခင်ဖြစ်လာသည့် ကိုလှဖေ ၁၁၇
၁၀။ ကျောင်းသား အာဏာရှင်လှရွှေ ၁၂၄
၁၁။ ကွန်မြူနစ် အတွေးအမြင် ၁၃၄

အခန်း ၃
နိုင်ငံရေးကာလ

၁၂။ လွတ်လပ်ရေးမရမီကာလ
- နိုင်ငံခြားအဆက်အသွယ်ရှာဖွေခြင်း ၁၃၉
- ရဲဘော်သုံးကျိပ် ၁၄၈
- ဂျပန်တော်လှန်ရေး ၁၇၇
၁၃။ လွတ်လပ်ရေးကာလ
- အင်္ဂလိပ်ပြန်အဝင် ၂၀၅
- ဗမာ့တပ်မတော် ၂၀၇
- အင်္ဂလိပ်အစိုးရနှင့် ညှိနှိုင်းခြင်း ၂၂၀
- အခြေခံဥပဒေရေးဆွဲခြင်း ၂၂၈
၁၄။ လွတ်လပ်ရေးရပြီးနောက်
- အစိုးရအဖွဲ့ ၂၄၆
- ဗမာ့တပ်မတော်မှ ထုတ်ပယ်ခံရခြင်း ၂၅၄

အခန်း ၄
မိသားစုဘဝ

၁၅။ ဇနီးလောင်းနှင့် တွေ့ဆုံခြင်း ၂၇၄
၁၆။ အိမ်ထောင်ကျပြီ ၂၇၈
၁၇။ ကလေးများအား ပြုစုပျိုးထောင်သွန်သင်ခြင်း ၂၈၁
၁၈။ မိသားစုနှင့် အချိန်ယူခြင်း ၂၉၀
၁၉။ အတွေးအခေါ်နှင့် အမြင်များ ၂၉၂

အခန်း ၅
လူမှုရေးနှင့် စီးပွားရေးတိုးတက်မှု

၂၀။ အင်္ဂလိပ်အုပ်ချုပ်မှုအောက် စီးပွားရေးအခြေအနေ ၂၉၈
၂၁။ ဂျပန်များဝင်လာစဉ်နှင့် ထွက်သွားပြီး ကုန်သွယ်မှုအခြေအနေ ၃၀၂
၂၂။ လွတ်လပ်ရေးရပြီးကာလ စီးပွားရေးအခြေအနေ ၃၀၆
၂၃။ စီးပွားရေးကဏ္ဍ ၃၁၁
၂၄။ ရှမ်းပြည်ရှိ သံတဲစိုက်ပျိုးရေးလုပ်ငန်း ၃၂၆
၂၅။ မြန်မာပြည်တွင် ပင်လယ်ငါးကိုစတင်စားသုံးတတ်စေရန် မိတ်ဆက်ခြင်း ၃၃၃
၂၆။ အခြားသော လုပ်ငန်းများ ၃၃၇
၂၇။ တော်လှန်ရေးအစိုးရခေတ် စီးပွားရေးအခြေအနေ ၃၅၂

အခန်း ၆
အနုပညာ

၂၈။ မြန်မာပြည်၌ အနောက်တိုင်းပန်းချီဆွဲနည်း ပေါ်လာခြင်း ၃၅၈
၂၉။ ခဲရေးပန်းချီ စိတ်ဝင်စားလာခြင်း ၃၆၂
၃၀။ ပန်းချီကျောင်း ၃၆၇
၃၁။ ပန်းချီသိပ္ပံ ၃၇၀
၃၂။ စာပေရေးသားခြင်း ၃၇၃
၃၃။ စစ်ဘက်ပန်းချီ ၃၇၇
၃၄။ နိုင်ငံတော်အနုပညာကျောင်း(ပန်းချီကျောင်း) ပြန်လည်ဖွင့်လှစ်ခြင်း ၃၈၃
၃၅။ ရေဆေးပန်းချီဆွဲခြင်း ၃၈၈
၃၆။ အနုပညာယဉ်ကျေးမှု ပိုမိုတိုးတက်ရန် အားပေးသမှုပြုခြင်း ၃၉၀
၃၇။ အနုပညာ ခံစားခြင်း ၃၉၅

အခန်း ၇
ဘာသာရေးယုံကြည်မှု

၃၈။ ဘာသာရေး ယုံကြည်မှုအစ ၄၀၁
၃၉။ ဘာသာရေး လေ့လာခြင်း ၄၀၅
ဘာသာရေး အတွေ့အကြုံများ ၄၀၉

အခန်း ၈
လွတ်လပ်ရေးရပြီးကာလ

၄၁။ လွတ်လပ်ရေးရပြီး အစိုးရ ၄၂၀
၄၂။ ဖဆပလ အစိုးရ ၄၂၂
၄၃။ အိမ်စောင့်အစိုးရ ၄၂၇
၄၄။ ၁၉၆၀ ပြည့်နှစ် ပြည်လုံးကျွတ်ရွေးကောက်ပွဲ ၄၃၀
၄၅။ စစ်အာဏာသိမ်းခြင်းနှင့် တော်လှန်ရေးကောင်စီဖွဲ့စည်းခြင်း ၄၃၄
၄၆။ သတိနှင့် နေရသောကာလ ၄၃၉
၄၇။ ထောင်တွင်းဘဝ ပေးစာများ ၄၄၂
၄၈။ ထိန်းသိမ်းထားစဉ် ပန်းချီဆွဲခြင်း ၄၄၉
၄၉။ သူ၏မိသားစု ၄၅၄
၅၀။ ကလေးများအား သွန်သင်ဆုံးမခြင်း ၄၆၂
၅၁။ ထောင်မှလွတ်ပြီးကာလ ၄၆၈

အခန်း ၉
ပါလီမန်ဒီမိုကရေစီလှုပ်ရှားမှု

၅၂။ ဦးနု ပါလီမန်ဒီမိုကရေစီပါတီဖွဲ့ခြင်း ၄၇၉
၅၃။ မိသားစု ကြုံတွေ့ခဲ့ရသောဒုက္ခများ ၄၈၂
၅၄။ ယိုးဒယားပြည်ရှိ လှုပ်ရှားမှုများ ၄၈၅
၅၅။ လှုပ်ရှားမှုတွင်ပါဝင်သည့် လူမျိုးစုအဖွဲ့များ ၄၉၈
၅၆။ ပန်းချီဆွဲခြင်း ၅၀၂
၅၇။ မိသားစုအား သတိရခြင်း ၅၀၇
၅၈။ တစ်ဦးတည်းသောသား အောင်လကျာ် ၅၀၉
၅၉။ ယိုးဒယားပြည် နိုင်ငံရေးအခြေအနေ ၅၁၈
၆၀။ အိမ်နီးချင်းတိုင်းပြည်များ၏ နိုင်ငံရေးအခြေအနေများ ၅၂၀
၆၁။ ကျန်းမာရေး ချို့တဲ့လာခဲ့ပြီ ၅၂၄
၆၂။ ဘာသာရေးနှင့်ပတ်သက်၍ နားလည်ယုံကြည်မှုများ ပြောင်းလဲလာခဲ့ခြင်း ၅၂၅
၆၃။ နက္ခတ်ဗေဒင် စိတ်ဝင်စားလာခြင်း ၅၃၀
၆၄။ နောက်ဆုံးရက်များ ၅၃၂
၆၅။ မိသားစုများ ယိုးဒယားပြည်သို့ သွားရောက်ခြင်း ၅၄၀
၆၆။ စိန်ပန်းနှင့်သူ (ကဗျာ) ၅၄၆

အခန်း ၁၀ နိဂုံး

၆၇။ ဖေဖေဗိုလ်လကျာ်၏နိဂုံးနှင့် အချုပ်အပိုများ ၅၅၂
၆၈။ အစဉ်ထာဝရ မျှော်လင့်ချက် (ကဗျာ) ၅၇၂